# EDF Myanmar၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်မှု စီမံကိန်းတွင် ပါဝင်နိုင်သောကျောင်းများ၏ သတ်မှတ်ချက်များ

- EDF-M ၏ပညာသင်ထောက်ပံ့ကြေးပေးအပ်မှု စီမံကိန်းများတွင် ပူးပေါင်းပါဝင်ပေးနိုင်မည့်ကျောင်းများသည် အောက်ပါအချက်အလက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရပါမည်။

၁။ မိသားစုစီးပွားရေးအခြေအနေအရ အဆင်မပြေ၍ ပုံမှန်ပညာသင်ယူရန် အခက်အခဲရှိနေသော်လည်း အလယ်တန်းပညာရေးကိုဆုံးခန်းတိုင်အောင်သင်ယူလိုသော ကျောင်းသား/သူများ ရှိနေခြင်း။

၂။ စမတ်ဖုန်း(ဟန်းဆက်) သို့မဟုတ် ကွန်ပြူတာမှတဆင့် အင်တာနက်ကို အသုံးပြုပြီး EDF-M သို့ e-Mail (သို့) viber ဖြင့် ကျောင်းသား/သူများ၏ Dataများပေးပို့ခြင်း၊ အပြန်အလှန်ဆက်သွယ်မှုများ ပြုလုပ်ခြင်းဖြင့် EDF-Mနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း။

၃။ ပညာသင်ထောက်ပံ့ကြေးတာဝန်ခံ ဆရာ/ဆရာမ တစ်ဦးသတ်မှတ်ပေးခြင်း။

၄။ ပညာသင်ထောက်ပံ့ကြေး ရယူနေသော ကျောင်းသား/သူများ အလယ်တန်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူနိုင်ရန်၊ တစ်ဝက်တစ်ပျက်ဖြင့်ကျောင်းထွက်ခြင်းများ မဖြစ်စေရန် ပံ့ပိုးပေးခြင်း။

၅။ ပညာသင်ထောက်ပံ့ကြေး ရွေးချယ်ရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ/ဆရာမနှင့် ကျောင်းသား/သူများ၏ မိဘများပါဝင်သော ရွေးချယ်ရေးကော်မတီကိုဖွဲ့စည်းပြီး၊ ထိုကော်မတီမှ ပညာသင်ထောက်ပံ့ကြေးရရှိသင့်သော ကျောင်းသား/သူများကို နှစ်စဉ်သတ်မှတ်စံနှုန်းများနှင့်အညီ ရွေးချယ်ပေးခြင်း။

၆။ ပညာသင်ထောက်ပံ့ကြေး စီမံကိန်းကာလအတွင်းလိုအပ်ပါက EDF-M မှတောင်းဆိုသော သတင်းအချက်အလက်များ ကောက်ခံခြင်း၊ မှတ်တမ်းတင်ခြင်းများပြုလုပ်နိုင်ခြင်း။

၇။ ရုံဖန်ရုံခါ အလှူရှင်များမှ ပညာသင်ထောက်ပံ့ကြေးရယူလျက်ရှိသော ကျောင်းသား/သူများနှင့် ရင်းနှီးမှုရယူရန်၊ ပညာသင်ယူမှု အခြေအနေကိုလေ့လာရန် လာရောက်လည်ပတ်မှုများရှိပါက EDF-M နှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း။

၈။ EDF-M ၏ဦးတည်ချက် ရည်မှန်းချက်များကို နားလည်ပြီး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှု လက်မှတ်ရေးထိုးခြင်း။